**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**
**WOMEN'S LEAGUE OF BURMA**

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ဖွဲ့စည်းတည်ထောင်သူ တစ်ဦးဖြစ်သည့် ဒေါ်သင်းသင်းအောင် လွတ်မြောက်လာခြင်းနှင့် ပက်သက်၍ ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့

၂၀၂၂ခုနှစ် အောက်တိုဘာလ (၁၉) ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီမှ မတရား ဖမ်းဆီး ထိန်းသိမ်းခံရသူများအနက် ၅၇၇၆ ဦးကို လွှတ်ပေးရာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၈)ရက်နေ့ က မတရားဖမ်းဆီးခံရသော မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အား ဖွဲ့စည်းတည်ထောင်သူ တစ်ဦးဖြစ်သည့် ဒေါ်သင်းသင်းအောင် လွတ်မြောက်လာခြင်းကို မိမိတို့ အဖွဲ့ချုပ် မှ မိသားစုဝင်များ၊ မိတ်ဆွေများနှင့် အတူ ထပ်တူထပ်မျှ ဝမ်းမြောက်ကြောင်း သဘောထားထုတ်ပြန်ပါသည်။

ဒေါ်သင်းသင်းအောင်နှင့်တကွ အခြားအမျိုးသမီး လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအပြင် မတရားဖမ်းဆီးထိန်းသိမ်းခံရသူများ လွှတ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းစည်းရုံး လှုံ့ဆော်ကြသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါသည်။ မိတ်ဆွေအားလုံးတို့၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှု၊ အားပေးမှုများအား အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် - Asia Pacific Forum for Women, Law & Development (APWLD), Nobel Women's Initiative (NWI), Amnesty International (AI), Melanne Verveer, the executive director of the Georgetown Institute for Women, Peace and Security at Georgetown University, & Human rights lawyer and author Nandita Haksar တို့အား ကျေးဇူး အထူးတလည်တင်ရှိပါသည်။

မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ကျန်ရှိသည့် မတရားဖမ်းဆီးခံရသူများ လွှတ်မြောက်ရေး၊ စစ်အာဏာရှင်နှင့် အာဏာရှင်မှန်သမျှအမြစ်ပြုတ်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် မြန်မာပြည်သူပြည်သားများနှင့်အတူ စွမ်းစွမ်းတမံ ဆက်လက်စည်းရုံး အားပေးသွားရန်အတွက် နေရာအသီးသီးမှ မိတ်ဆွေများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအား တိုက်တွန်းနိုးဆော်အပ်ပါသည်။